**DEPARTMENT OF ENGLISH LANGUAGE ACQUISITION**
EMILY GRIFFITH CAMPUS
1860 LINCOLN STREET, 10TH FLOOR
DENVER, COLORADO 80203
TELEPHONE (720) 423-2040 - FAX (720) 423-8168

DENVER PUBLIC SCHOOLS
Discover a World of Opportunity™

ELA မိဘများက မကြာခဏမေးမြန်းလေ့ရှိသော မေးခွန်းများ

**မေး။ မှတ်ပုံတင်စာရင်းသွင်းရာတွင် မည်သို့သော ဆုံးဖြတ်ချက်မျိုး မိမိပြုရမည်နည်း။**

ဖြေ။ သင်က အိမ်တွင်အသုံးပြုသည့် ဘာသာစကား မေးခွန်းလွှာကို အခြေပြု၍ ဘာသာစကားဖွံ့ဖြိုးမှု အစီအစဉ်နှင့် ကျောင်းတွင် မည်သို့သောဝန်ဆောင်မှုများ ပံ့ပိုးပေးသည်ကို ရွေးချယ်ရပါမည်။

**မေး။ ပြီးခဲ့သည့်နှစ်က မိမိ၏ကလေးသည် DPS ကျောင်းတစ်ခုတွင် မှတ်ပုံတင်ခဲ့သည်ဆိုလျှင် မည်သို့ဆောင်ရွက်ရမည်နည်း။  ELA ပုံစံအသစ်ကို ထပ်မံဖြည့်စွက်စရာ လိုအပ်ပါသေးသလား။**

ဖြေ။ မတူကွဲပြားသည့် ELA ရွေးချယ်စရာများကို ရွေးချယ်လိုသည့် ဆန္ဒရှိလျှင်၊ သင်က နောက်ဆုံးပြင်ဆင်ထားသည့် မိဘများ ခွင့်ပြုချက်ပုံစံကို ရွေးချယ်နိုင်ပါသည်။ သို့သော်လည်း မလိုအပ်ပါ။ ELA မည်သည့်ပုံစံကိုမျှ ထပ်မံတင်ပြရန် မလိုပါ။

**မေး။ မှတ်ပုံတင်စာရင်းသွင်းရာသို့ မိမိက မည်သည့်အရာများ ယူဆောင်လာရမည်နည်း။**

ဖြေ။ ကျောင်းအသစ်တွင် မှတ်ပုံတင်စာရင်းသွင်းမည် ဆိုပါက၊ သင်က (၁) ကလေး၏မွေးစာရင်းမိတ္တူ သို့မဟုတ် နိုင်ငံကူးလက်မှတ် (၂) အိမ်ငှားစာချုပ်၊ သို့မဟုတ် အိမ်အသုံးပြေစာများကို လိပ်စာအတွက် သက်သေပြချက်အဖြစ် နှင့် (၃) လက်ရှိ ကာကွယ်ဆေးထိုးနှံထားမှု မှတ်တမ်းကို ယူဆောင်လာရန် လိုအပ်ပါသည်။

**မေး။ မိမိ၏ကလေးက (______) နိုင်ငံတွင်၊ (____) တန်းအထိ ကျောင်းတက်ခဲ့သည်။ DPS ကျောင်းများတွင် စာရင်းသွင်းမည် ဆိုပါက၊ မိမိ၏ကလေးသည် အတန်း (grade) အတူတူ ရှိပါမည်လား။**

ဖြေ။ တတ်နိုင်သမျှ မိမိတို့က ကလေးကို၊ သူ၏မွေးသက္ကရာဇ်အပေါ် မူတည်၍ အတန်းအဆင့် အတူတူတွင် နေရာချထားပေးနိုင်ရန် လုပ်ဆောင်ပါမည်။

**မေး။ Q: မိမိကလေး၏ ပညာရေးအပေါ် EL သို့မဟုတ် non-EL အဖြစ် သတ်မှတ်ဖော်ပြခြင်းမှာ မည်သည့်အဓိပ္ပါယ် ရပါသနည်း။**

ဖြေ။ အကယ်၍ သင့်ကလေးကို အင်္ဂလိပ်ဘာသာ သင်ယူလေ့လာသူ (EL) အဖြစ် သတ်မှတ်ပါက၊ သူ/သူမသည် အပိုဆောင်း ဘာသာစကား ဝန်ဆောင်ပေးမှုများကို ရရှိမည် ဖြစ်သည်။ (အင်္ဂလိပ်ဘာသာစကား အဖတ်၊ အရေး၊ နားထောင်နှင့် အပြောတွင် အပိုဆောင်းကူညီပေးမှု) ELA စာသင်ခန်းတစ်ခုတွင်၊ သင့်ကလေးက ပုံမှန်စာသင်ခန်းတစ်ခုတွင် သင်ကြားနေသည့် ပညာရပ်ဆိုင်ရာ အကြောင်းအရာများကိုပင် သင်ကြားရမည် ဖြစ်ပါသည်။ အကယ်၍ သင့်ကလေးကို Non-EL (အင်္ဂလိပ်ဘာသာ သင်ကြားလေ့လာသူမဟုတ်) ဟု သတ်မှတ်ပါက၊ သူ/သူမသည် ပုံမှန်စာသင်ခန်းတစ်ခုတွင် တက်ရောက် လေ့လာရမည် ဖြစ်ပါသည်။

**မေး။ မိမိ၏ကလေးကို လွဲမှား၍ လူသတ်မှတ်ခဲ့လျှင် မည်သို့ဆောင်ရွက်ရမည်နည်း။**

ဖြေ။ အကယ်၍ သင့်ကလေးကို လွဲမှား၍ သတ်မှတ်ဖော်ပြခံရသည်ဟု သင်ယုံကြည်ပါက၊ ကျောင်း၏အတွင်းရေးမှူးထံ သွား၍ သင့်ကျောင်း၏ ISA အဖွဲ့နှင့် အစည်းအဝေး တောင်းဆိုနိုင်ပါသည်။

**မေး။ မိဘတစ်ဦးအနေဖြင့်၊ မိမိက သတ်မှတ်ဖော်ပြမှု ဆွေးနွေးမှုများတွင် မည်သို့ပါဝင် ဆောင်ရွက်နိုင်မည်နည်း။**

ဖြေ။ မှတ်ပုံတင်စာရင်းသွင်းစဉ် ကာလတွင်၊ ELA အတွက် ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် စကားပြောဆို၍သော်လည်းကောင်း၊ သို့မဟုတ် ကျောင်းအုပ်ချုပ်ရေးမှူးနှင့် ပြောဆို၍ ဆောင်ရွက်နိုင်ပါသည်။

**မေး။ မိမိကလေးက အခြားကျောင်းသို့ ပြောင်းရွှေ့ပါက၊ သူ/သူမက ELA အစီအစဉ် ဝန်ဆောင်မှုများ ရရှိနိုင်ရန် အလို့ငှာ၊ သတ်မှတ်ဖော်ပြသည့် နောက်ထပ်လုပ်ငန်းစဉ်ကို ထပ်မံ ဖြတ်သန်းရပါမည်လား။**

ဖြေ။ မလိုအပ်ပါ။ သင့်ကလေးကို အင်္ဂလိပ်ဘာသာ သင်ယူလေ့လာသူဟု သတ်မှတ်ထားပြီး ဖြစ်ပြီး၊ သူ့အနေဖြင့် ELA အစီအစဉ်များ အောင်မြင်ပြီးမြောက်သည့် စံနှုန်းသတ်မှတ်ချက်များ ပြည့်ဝသည့်တိုင် သင်ယူရမည် ဖြစ်ပါသည်။

**မေး။ ELA ဌာနမှ စာတစ်စောင်ကို မိမိရရှိပါသည်။ ယင်းတွင် မိမိ၏ကလေးသည် အင်္ဂလိပ်ဘာသာ သင်ယူလေ့လာသူအဖြစ် သတ်မှတ်ကြောင်း ဖော်ပြထားပါသည်။ မည်သို့ အဓိပ္ပါယ်ရပါသနည်း။**

ဖြေ။ ယင်းစာက ဖော်ပြသည်မှာ၊ သင်၏ကလေးကို အင်္ဂလိပ်ဘာသာ သင်ယူလေ့လာသူဟု ဖော်ပြပြီး၊ ELA အစီအစဉ်နှင့် ပတ်သက်၍ သင်က ကလေးအတွက် ရွေးချယ်ပေးနိုင်သည့် အသေးစိတ်သတင်းများကို ဖော်ပြထားပါသည်။ ထို့အပြင်၊ ယင်းစာတွင် သင်၏ကလေး၏ မကြာသေးမီက စစ်ဆေးခဲ့သော အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှု အကဲဖြတ်ရလဒ်များနှင့် တစ်စုံလုံးဆိုင်ရာ ပညာရပ်အောင်မြင်မှုများလည်း ပါဝင်ဖော်ပြထားပါသည်။

**မေး။ မိမိ၏ကလေးကို သူ/သူမအတွက် မမှန်ကန်သည့် စာသင်ခန်းတွင် နေရာချထားပေး ခံရပါက၊ မည်ကဲ့သို့ ဆောင်ရွက်ရမည်နည်း။**

ဖြေ။ သင်၏ကျောင်းအုပ်ချုပ်ရေးမှူးထံ ဆက်သွယ်၍၊ သင့်ကလေးအတွက် ဝန်ဆောင်မှုပေးသည့် ဆရာနှင့် ဆွေးနွေးပြောဆိုရန် တောင်းဆိုနိုင်ပါသည်။

**မေး။ မိမိ၏ကလေးက မည်သည့်အတွက်ကြောင့် ACCESS စာမေးပွဲကို နှစ်စဉ် ဖြေဆိုနေရသနည်း။**

ဖြေ။ သင့်ကလေးကို နှစ်စဉ်စာမေးပွဲ ဖြေဆိုစေပြီး၊ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်တတ်မြောက်မှုအတွက် အကဲဖြတ်နိုင်ရန် ဖြစ်သည်။ သူ/သူမကို အဖတ်၊ အရေး၊ နားထောင်နှင့် အပြောစွမ်းရည်များ စစ်ဆေးမည် ဖြစ်သည်။ ဤရမှတ်များကို အခြေခံ၍ သင့်ကလေးကို ပြန်လည်နေရာချထားမှု၊ သတ်မှတ်မှုများအတွက် ဆုံးဖြတ်ပါသည်။

**မေး။ မိမိကလေးက ACCESS စာမေးပွဲကို မဖြေဆိုလျှင်၊ ဆိုးကျိုးသက်ရောက်မှု ခံရနိုင်ပါသလား။**

ဖြေ။ အကယ်၍ သင့်ကလေးက စာမေးပွဲတွင် ပါဝင်ဆောင်ရွက်မှု မရှိလျှင်၊ သူ့ကို မှတ်ပုံတင်စာရင်းသွင်းရန်အတွက် စဉ်းစားဆုံးဖြတ်နိုင်မည် မဟုတ်ပါ။

**မေး။ မိမိ၏ကလေးကို ပြန်၍ သတ်မှတ်မှုပြုသည်မှာ၊ မည်သို့သော အဓိပ္ပါယ် ရပါသနည်း။**

ဖြေ။ သင့်ကလေးကို ပြန်၍သတ်မှတ်မှု ပြုသည့်အခါ၊ သူ/သူမက အင်္ဂလိပ်ဘာသာ ကျွမ်းကျင်တတ်မြောက်မှုအတွက် လိုအပ်ချက်များ ပြည့်မီပြီး၊ နောက်ထပ်ဘာသာစကား ဝန်ဆောင်ပေးမှုများ ဆက်၍ မလိုအပ်တော့သောကြောင့် ဖြစ်သည်။ ထို့အပြင် သူ/သူမသည် ဤသို့ပြန်၍ သတ်မှတ်မှုပြုပြီးသည့်နောက်တွင်၊ တိုးတက်မှု သေချာရရှိစေရန်အတွက် ၂-နှစ် ဆက်လက်စောင့်ကြည့်လေ့လာမည် ဖြစ်သည်။

**မေး။ မိမိ၏ကလေးကို ပြန်၍ သတ်မှတ်မှုပြုပြီး၊ မတူကွဲပြားသည့် စာသင်ခန်းသို့ ရွှေ့ပြောင်းစေသည်။ ဆိုလိုသည်မှာ ပညာသင်နှစ် ပြီးဆုံးသည့်တိုင်၊ သူတို့သည် အတူတူသော ဆရာနှင့် ဆက်လက်သင်ကြားခွင့် ရှိပါမည်လား။**

ဖြေ။ ISA အဖွဲ့က သင်၏တောင်းဆိုချက်အပေါ် အခြေခံ၍ ဤသို့အကြံပေးမှုများ ပြုနိုင်ပါသည်။

**မေး။ မိမိ၏ကလေးက အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှု ပြည့်မီပြီးသည့်နောက်တွင်ပင်၊ မည်သည့်အတွက်ကြောင့် သူ့ကို ဆက်လက်စောင့်ကြည့် လေ့လာနေသနည်း။**

ဖြေ။ သင့်ကလေးအနေဖြင့် ပညာရပ်ဆိုင်ရာ တိုးတက်မှု သေချာရှိရန်နှင့်၊ စာသင်ခန်းအတွင်း အောင်မြင်မှုရစေရန် အင်္ဂလိပ်ဘာသာစကား သင်တန်းများ နောက်ထပ် မလိုအပ်တော့သည်အထိ၊ သင့်ကလေးကို မှတ်ပုံတင်စာရင်းသွင်းပြီး နောက်တွင် ၂-နှစ် ဆက်လက် စောင့်ကြည့်လေ့လာပါသည်။

**မေး။ မိမိ၏ကလေးက မည်သည့်အတွက်ကြောင့် ELA ဝန်ဆောင်မှုများကို ပြန်ထပ်၍ တက်ရောက်ရသနည်း။**

ဖြေ။ အကယ်၍ သင့်ကလေးသည် စောင့်ကြည့်လေ့လာနေသည့် ၂-နှစ်တာ ကာလတွင် ပညာရပ်ဆိုင်ရာ တိုးတက်မှု မရှိပါက၊ ISA အဖွဲ့က သူ့အပေါ် ဘာသာစကားဆိုင်ရာ ဝန်ဆောင်မှုများ လိုအပ်နေသေးသည်ဟု ဆုံးဖြတ်နိုင်သည်။ မိဘများက ယခုဆုံးဖြတ်ချက်အပေါ် သဘောမတူပါက ISA အဖွဲ့နှင့် ဆက်သွယ်နိုင်ပါသည်။

**မေး။ မိမိကလေးအတွက် အောင်မြင်ပြီးမြောက်မှု (Exit) ဟူသည်မှာ မည်သို့အဓိပ္ပါယ် ရပါသနည်း။**

ဖြေ။ ELA အစီအစဉ်မှ အောင်မြင်ပြီးမြောက်သည့် ကျောင်းသားတစ်ဦးကို၊ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု အပြည့်အဝရှိမှုအပေါ် ဆုံးဖြတ်ပြီး၊ နောက်ထပ်အင်္ဂလိပ်ဘာသာ ဝန်ဆောင်မှုများ ရရှိရန် မလိုအပ်တော့သော၊ ပို့ချမှုများ မလိုအပ်တော့သော အခြေအနေ ဖြစ်ပါသည်။